ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သစ်တောဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ဖမ်းဆီးရမိသစ်များ

လေလံတင်ရောင်းချရေးကော်မတီ လေလံအမှတ်စဉ်( ၇ /၂၀၂၄-၂၀၂၅)

ပန်းတောင်း/ပေါက်ခေါင်းမြို့နယ်တို့ရှိ ပုံစံ(၈)ဝင်

(၃)ပေအောက်အခြားသစ်/အခြားသစ်/ခွဲသား (၂၁၄)လုံး/ချောင်း (၁၈.၈၂၆၀)တန်တို့အား

လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ ပြည်ခရိုင်၊ သစ်တောဦးစီးဌာနမှ ပူးတွဲဖော်ပြပါ ပုံစံ(၈)ဝင် (၃)ပေအောက်အခြားသစ် (အခြားသစ်/ခွဲသား) (၂၁၄)လုံး/ချောင်း (၁၈.၈၂၆၀)တန်တို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

ရောင်းချမည့်အစီအစဉ်

(၁) နေ့ရက် - ၆-၂-၂၀၂၅ (ကြာသပတေး)နေ့

(၂) အချိန် - နံနက် (၁၀ : ၀၀)နာရီ

(၃) နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပြည်ခရိုင်၊ ရွှေဟသ်ာအနောက်ပေါက်

၂။ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာန တစ်ခုခုတွင် တရားဝင် မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များ၊ သစ်စက်သေး/ စက်ကြီး၊ အချောထည်စက်/ လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင် လုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များသည် လိုင်စင်မိတ္တူနှင့်အတူ ဈေးပြိုင်လေလံဝယ်ယူခွင့် လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံ (၅၀၀၀ိ/-)နှုန်းဖြင့် (၄-၂-၂၀၂၅)ရက်နေ့နောက်ဆုံးထား၍ ပြည်ခရိုင်၊ သစ်တောဦးစီးဌာန တွင် ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို (၂၇-၁-၂၀၂၅)ရက်နေ့မှစ၍ လေလံပွဲမကျင်းပမီ (၂)ရက် ရုံးချိန် အတွင်း ပူးတွဲဖော်ပြပါ နေရာများတွင် ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့် အချက်အလက်များအား အသေးစိတ်သိရှိ လိုပါက သစ်တောဦးစီးဌာနwebsite ဖြစ်သော http://www.fdmoecaf.gov.mmတွင်ဝင်ရောက် ကြည့်ရှု၍ လည်းကောင်း ၊ ဖုန်းနံပါတ် ၀၉-၄၂၆၁၀၂၅၆၀ တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ

ပြည်ခရိုင်

# သစ်တောဦးစီးဌာန၊ ပြည်ခရိုင်
## ပုံစံ(၈)ဝင် (၃)ပေအောက်အခြားသစ်/အခြားသစ်/ခွဲသား (၂၁၄)လုံး/ချောင်း (၁၈.၈၂၆၀)တန် များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့် လပ်ပုံအလိုက်စာရင်း

| စဉ် | မြို့နယ် | လပ်ပုံ အမှတ် | သစ်မျိုး | အရေအတွက် | တန် | တည်နေရာ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| ၁။ | ပန်းတောင်း | ၁ | ဘင်္ဂခွဲသား | ၁-ချောင်း | ၀.၁၃၃၄ | လဲရှာ |
| | | | နှော့ခွဲသား | ၁-ချောင်း | ၀.၁၈၃၄ | |
| | | | ဘင်္ဂခွဲသား | ၃-ချောင်း | ၀.၅၀၂၆ | လဲရှာ |
| | | | နဘဲသစ် | ၇-လုံး | ၀.၈၅၈ | လဲရှာ |
| | | | (၃)ပေအောက်နဘဲသစ် | ၅-လုံး | ၀.၅၀၆ | |
| | | | ပျဉ်းမသစ် | ၁-လုံး | ၀.၁၃၈ | လဲရှာ |
| | | | နဘဲခွဲသား | ၁၀၉-ချောင်း | ၀.၅၇၇၈ | လဲရှာ |
| | | | လပ်ပုံ(၁)ပေါင်း | ၁၂၇-လုံး/ချောင်း | ၂.၈၉၉၂ | |
| | | | ပန်းတောင်းပေါင်း | ၁၂၇-လုံး/ချောင်း | ၂.၈၉၉၂ | |
| ၂။ | ပေါက်ခေါင်း | ၂ | ယင်းမာသစ် | ၃-လုံး | ၀.၄၄၀ | ဦးစီးအရာရှိရုံးဝန်း |
| | | | မျောက်ချောသစ် | ၂-လုံး | ၀.၃၂၂ | |
| | | | ရုံးသစ် | ၇-လုံး | ၁.၀၀၂ | |
| | | | ကြက်ရိုးသစ် | ၁-လုံး | ၀.၁၉၀ | |
| | | | ထောက်ကြန့်သစ် | ၂-လုံး | ၀.၃၀၈ | |
| | | | ရုံးခွဲသား | ၁-ချောင်း | ၀.၂၁၆၆ | |
| | | | မျောက်ချောတိုင် | ၁-လုံး | ၀.၂၁၆ | |
| | | | ကြက်ရိုးတိုင် | ၁-လုံး | ၀.၁၃၂ | |
| | | | ထောက်ကြန့်တိုင် | ၁-လုံး | ၀.၁၁၄ | |
| | | | လပ်ပုံ(၂)ပေါင်း | ၁၉-လုံး/ချောင်း | ၂.၉၄၀၆ | |
| ၃။ | ပေါက်ခေါင်း | ၃ | ထောက်ကြန့်ခွဲသား | ၁-ချောင်း | ၀.၂၉၇၄ | ဦးစီးအရာရှိရုံးဝန်း |
| | | | ရုံးခွဲသား | ၁၅-ချောင်း | ၂.၇၅၁၈ | -။- |
| | | | လပ်ပုံ(၃)ပေါင်း | ၁၆-ချောင်း | ၃.၀၄၉၂ | |
| ၄။ | ပေါက်ခေါင်း | ၄ | ယမနေသစ် | ၂-လုံး | ၀.၄၁၈ | ဦးစီးအရာရှိရုံးဝန်း |
| | | | ကုတ်ဟဲခွဲသား | ၄-ချောင်း | ၀.၉၆၆၆ | -။- |
| | | | သစ်မန်ကျည်းခွဲသား | ၂-ချောင်း | ၀.၄၀၃၄ | |
| | | | မျောက်ချောခွဲသား | ၁-ချောင်း | ၀.၂၀၁၆ | |
| | | | ထောက်ကြန့် | ၁-လုံး | ၀.၃၅၂ | -။- |
| | | | သဒီသစ် | ၃-လုံး | ၀.၅၉၄ | |
| | | | လက်ပံခွဲသား | ၂-ချောင်း | ၀.၇၃၀ | ပေါ်လံကြီးသစ်တောစခန်း |
| | | | လပ်ပုံ(၄)ပေါင်း | ၁၅-လုံး/ချောင်း | ၃.၆၆၅၆ | |
| ၅။ | ပေါက်ခေါင်း | ၅ | ချဉ်ယုတ်သစ် | ၁-လုံး | ၀.၃၁၂ | ဦးစီးအရာရှိရုံးဝန်း |
| | | | သစ်မန်ကျည်းသစ် | ၃-လုံး | ၀.၅၆၆ | |
| | | | ဖောင်းပလွေသစ် | ၁-လုံး | ၀.၂၁၀ | |
| | | | နှော့သစ် | ၁-လုံး | ၀.၁၅၄ | -။- |
| | | | မျောက်ချောသစ် | ၄-လုံး | ၀.၈၇၂ | -။- |
| | | | ထောက်ကြန့်သစ် | ၃-လုံး | ၀.၆၈၀ | |
| | | | ရုံးသစ် | ၁-လုံး | ၀.၁၈၈ | |
| | | | ချဉ်ယုတ်သစ် | ၁-လုံး | ၀.၁၂၆ | |
| | | | အင်တိုင် | ၁-လုံး | ၀.၀၂၆ | -။- |
| | | | လပ်ပုံ(၅)ပေါင်း | ၁၆-လုံး | ၃.၁၃၄ | |
| ၆။ | ပေါက်ခေါင်း | ၆ | ရုံးခွဲသား | ၃-ချောင်း | ၀.၅၁၂၄ | ဦးစီးအရာရှိရုံးဝန်း |
| | | | ရုံးခွဲသား | ၁၇-ချောင်း | ၂.၄၀၈၄ | -။- |
| | | | ရုံးခွဲသား | ၁-ချောင်း | ၀.၂၁၆၆ | -။- |
| | | | လပ်ပုံ(၆)ပေါင်း | ၂၁-ချောင်း | ၃.၁၃၇၄ | |
| | | | ပေါက်ခေါင်းပေါင်း | ၈၇-လုံး/ချောင်း | ၁၅.၉၂၆၈ | |
| | | | ပြည်ခရိုင်စုစုပေါင်း | ၂၁၄-လုံး/ချောင်း | ၁၈.၈၂၆၀ | |

# ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်း/ပေါက်ခေါင်းမြို့နယ်တို့မှ ပုံစံ(၈)ဝင် (၃)ပေအောက်အခြားသစ်/အခြားသစ်/ခွဲသား (၂၁၄)လုံး/ချောင်း (၁၈.၈၂၆၀)တန်တို့အား ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များ

၁။ ဝယ်ယူမည့်ပုဂ္ဂိုလ်သည် နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာန တစ်ခုခုမှ တရားဝင်မှတ်ပုံတင် လိုင်စင်ရရှိထားသည့် သစ်အခြေခံ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်၊ သစ်စက်သေး/ စက်ကြီး၊ အချောထည်စက်/ လွှာထိုးစက် လုပ်ငန်းရှင်၊ သစ်အရောင်းဆိုင် လုပ်ငန်းရှင်၊ ပရိဘောဂလုပ်ငန်းရှင်များသည် လိုင်စင်မိတ္တူနှင့်အတူ သတ်မှတ်ပုံစံတွင် လုပ်ငန်းရှင်ကိုယ်တိုင်/ မိသားစုဝင်/ ကုမ္ပဏီများ မှတ်ပုံတင်အက်ဥပဒေ အရ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးမှ ဖြည့်စွက်၍ လေလံတင်ရောင်းချရေး ကော်မတီ ထံတင်ပြရမည်။ လေလံတင်ရောင်းချမည့် နေ့ရက်တွင် လေလံဝင်ရောက် ယှဉ်ပြိုင်မည့် လုပ်ငန်းရှင်သည် လိုင်စင်မူရင်း နှင့်အတူ ကိုယ်တိုင်/ မိသားစုဝင်/ ကုမ္ပဏီများ မှတ်ပုံတင် အက်ဥပဒေအရ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးမှ ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူရမည်။ (နိုင်ငံသားစိစစ်ရေး ကဒ်ပြားနှင့်အတူ မိသားစုဝင်ဖြစ်ကြောင်း၊ အိမ်ထောင်စုစာရင်း/ ကုမ္ပဏီများ မှတ်ပုံတင်အက်ဥပဒေအရ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ကြောင်း Form VI, XXVI အထောက်အထားများ တင်ပြနိုင်ရမည်။)

၂။ ဖမ်းဆီးရမိ ပုံစံ(၈)ဝင် (၃)ပေအောက်အခြားသစ် (အခြားသစ်/ခွဲသား)များကို မျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ဝယ်ယူရမည်။

၃။ သစ်တောဦးစီးဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဝန်ထမ်းများအား ဝယ်ယူခွင့်မပြု။

၄။ ဝယ်ယူသူသည် လေလံအာမခံကြေးအား မြန်မာ့စီးပွားရေးဘဏ်၊ ပြည်မြို့တွင် ငွေပေး အမိန့်လွှာ (PaymentOrder-PO)ဖြင့် အောက်ဖော်ပြပါ လပ်ပုံများအလိုက် (၄-၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်-

| စဉ် | မြို့နယ် | လပ်ပုံ အမှတ် | ပဏာမ | အာမခံကြေး |
|---|---|---|---|---|
| ၁။ | ပန်းတောင်း | (၁) | (၃)ပေအောက်အခြားသစ်(အခြားသစ်/ခွဲသား) (၁၂၇)လုံး/ချောင်း (၂.၈၉၉၂)တန် | ၂၀၀,၀၀၀/- |
| ၂။ | ပေါက်ခေါင်း | (၂) | အခြားသစ်/တိုင် (၁၉)လုံး (၂.၉၄၀၆)တန် | ၂၀၀,၀၀၀/- |
| ၃။ | ပေါက်ခေါင်း | (၃) | အခြားခွဲသား (၁၆)ချောင်း (၃.၀၄၉၂)တန် | ၅၀၀,၀၀၀/- |
| ၄။ | ပေါက်ခေါင်း | (၄) | အခြားသစ်/ခွဲသား (၁၅)လုံး/ချောင်း (၃.၆၆၅၆)တန် | ၅၀၀,၀၀၀/- |
| ၅။ | ပေါက်ခေါင်း | (၅) | အခြားသစ်/တိုင် (၁၆)လုံး (၃.၁၃၄)တန် | ၃၀၀,၀၀၀/- |
| ၆။ | ပေါက်ခေါင်း | (၆) | အခြားခွဲသား (၂၁)ချောင်း (၃.၁၃၇၄)တန် | ၃၀၀,၀၀၀/- |
| | | | စုစုပေါင်း(၂၁၄)လုံး/ချောင်း (၁၈.၈၂၆၀)တန် | ၂,၀၀၀,၀၀၀/- |

လပ်ပုံတစ်ခုစီအတွင် PO Cheque တစ်စောင်စီ ပေးသွင်းရမည်။

၅။ လေလံအာမခံကြေးငွေ ပေးသွင်းပြီးကြောင်း PO Cheque တင်ပြနိုင်သည့် လုပ်ငန်းရှင် ကိုယ်တိုင်/ မိသားစုဝင်/ ကုမ္ပဏီများ မှတ်ပုံတင်အက်ဥပဒေအရ ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးသာ ဝယ်ယူခွင့်ရှိမည်။

၆။ လပ်ပုံတစ်ခုစီအတွက် လေလံအာမခံကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား တင်ပြလာပါက သစ်တောဦးစီးဌာနမှ ထုတ်ပေးသည့် လေလံအာမခံကြေး ပေးသွင်းပြီး ကြောင်း ပြေစာဖြတ်ပိုင်းတွင် ပါရှိသည့် အမှတ်စဉ်ဖြင့် ဝယ်ယူရမည်။

၇။ လေလံတင်ရောင်းချသည့်ကာလမတိုင်ခင်နှင့် ရောင်းချသည့် ကာလအတွင်း ဝယ်ယူသူ သည် ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များ ဖောက်ဖျက်မှု ရှိကြောင်း စစ်ဆေးပေါ်ပေါက်ပါက လေလံဆွဲဝယ်ယူခွင့် ပယ်ဖျက်ခြင်း ခံရမည့်အပြင်၊ လေလံ အာမခံကြေးငွေများအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပါသည်။

၈။ လေလံအာမခံကြေး ပေးသွင်းထားပြီး ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လေလံပွဲသို့ တက်ရောက်ယှဉ်ပြိုင် ဈေးပေးဝယ်ယူခြင်း မရှိပါက ပေးသွင်းထားသည့် အာမခံကြေးငွေ များအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပါသည်။

၉။ လေလံတင်ရောင်းချရေးကော်မတီက ဈေးစတင်ခေါ်ယူခြင်းမပြုဘဲ ဝယ်ယူခွင့် ရရှိသူများ ကသာ အမှတ်စဉ်အလိုက် ဈေးပြိုင်ပေး၍ ဝယ်ယူရမည်။

၁၀။ လေလံတင်ရောင်းချရေးကော်မတီမှ သတ်မှတ်သော လပ်ပုံအလိုက် ကြမ်းခင်းဈေးထက် ပို၍ အမြင့်ဆုံးဈေးပေးသူကို လေလံအောင်မြင်သူအဖြစ် သတ်မှတ်မည်။

၁၁။ လေလံအောင်မြင်သူသည် ရောင်းချသည့် ပစ္စည်းများ၏ အမျိုးအစား ၊ အတန်းအစား ၊ အတိုင်းအတာနှင့် ပမာဏတို့အား တည်နေရာအလိုက် မျက်မြင်အခြေအနေအတိုင်း စစ် ဆေးပြီးဟု မှတ်ယူသဖြင့် လေလံအောင်မြင်သည့် လပ်ပုံများနှင့် စပ်လျဉ်း၍ ကွဲလွဲမှုများ ပေါ်ပေါက်လာပါက လေလံတင် ရောင်းချရေး ကော်မတီမှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။

၁၂။ လေလံအောင်မြင်ခြင်းမရှိသောသူများ၏ အာမခံကြေးငွေ P0ကို လေလံပွဲပြီးဆုံးသည်နှင့် ပြန်လည်ထုတ်ပေးမည်။ လေလံပွဲပြီးဆုံးနောက် (၇)ရက်အတွင်း ပြန်လည်ထုတ်ယူခြင်း မရှိပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူမည်။

၁၃။ လေလံအောင်မြင်သူသည် လပ်ပုံတစ်ခုစီအတွက် လေလံအောင်မြင်သည့် တန်ဖိုး၏ (၂၅%) ကို မြန်မာ့စီးပွားရေးဘဏ်သို့ (၂၄)နာရီအတွင်း ပေးသွင်းရမည်။ (၂၅%)ကို (၂၄) နာရီအတွင်း ပေးသွင်းခြင်းမရှိပါက လေလံအာမခံကြေးငွေအား ဘဏ္ဍာသိမ်းဆည်းခြင်း ခံရမည်။

၁၄။ လေလံအောင်မြင်သူသည် လပ်ပုံတစ်ခုစီအတွက်ပေးသွင်းရန် ကျန်ရှိသော လေလံအောင် မြင်သည့် တန်ဖိုးငွေ၏(၇၅%)ကိုလေလံပွဲပြီးဆုံးသည့်နေ့မှ (၇)ရက်အတွင်း မြန်မာ့စီးပွား ရေးဘဏ်သို့ ပေးသွင်းရမည်။ သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမပြုပါက ပေးသွင်း ထားသည့် လေလံအောင်မြင်သည့် တန်ဖိုးငွေ၏(၂၅%)နှင့် လေလံအာမခံကြေးငွေအား နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည့်အပြင် အမည်မည်းစာရင်း ရေးသွင်းခြင်းခံ ရမည်။

၁၅။ လေလံအောင်မြင်သူသည် လေလံအောင်မြင်သည့် ဖမ်းဆီးရမိသစ်များအတွက် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေပေးသွင်းပြီးပါက ငွေသွင်းချလံနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲ၍ လေလံအောင်သည့် ပစ္စည်းများထုတ်ယူရန် လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကဒ်ပြား

( ခ ) ကိုယ်စားလှယ်ဖြင့် ထုတ်ယူလျှင် လေလံအောင်မြင်သူ၏ တရားဝင်ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား

၁၆။ လေလံအောင်မြင်သော ပစ္စည်းများကို ထုတ်ယူရန် လျှောက်ထားသည့်နေ့မှ (၁၄)ရက်အတွင်း ပစ္စည်းတည်ရှိရာနေရာတွင် လက်ခံရယူရမည်။ သတ်မှတ်ရက်အတွင်း လေလံအောင်မြင်သော ပစ္စည်းများကို လာရောက်လက်ခံခြင်းမရှိပါက လေလံအောင်မြင်သည့်စာရင်းမှ ပယ်ဖျက်ခြင်း ခံရမည့်အပြင် ယင်းပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၁၇။ လက်ခံရယူပြီးနောက် ပစ္စည်းများ လျော့နည်းပျောက်ဆုံးခြင်း၊ ရန်သူမျိုးငါးပါးကြောင့်ပျက်စီးခြင်းတို့သည် သက်ဆိုင်ရာ လေလံအောင်မြင်သူ၏ တာဝန်သာဖြစ်ပြီး သစ်တောဦးစီးဌာနမှ တာဝန်ယူမည်မဟုတ်ပါ။

၁၈။ လေလံအောင်မြင်သူသည် လက်ခံရရှိသည့် ပစ္စည်းများကို တစ်လအတွင်း ပြီးပြတ်အောင်ရွှေ့ပြောင်း/ သယ်ယူရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက လေလံအောင်မြင်သည့် စာရင်းနှင့် ပယ်ဖျက်ခြင်းခံရမည့်အပြင် ယင်းပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၁၉။ လေလံအောင်မြင်သော သစ်များအား သစ်တောဦးစီးဌာနမှ ခွင့်ပြုထားသော လေလံအောင်မြင်သူ၏ သစ်စက်နှင့် လုပ်ငန်းတည်ရှိရာဒေသသို့သယ်ယူရမည်။

၂၀။ လေလံအောင်မြင်သောသစ်များအား ကန့်သတ်ထားသော ဧရိယာမှအပ တိုင်းဒေသကြီး/ပြည်နယ်ကျော်၍ သယ်ယူခွင့်ပြုသည်။

၂၁။ လေလံအောင်မြင်သည့် သစ်များအတွက် ဘီလ်ပြေစာကို လေလံအောင်မြင်သူ၏ အမည်ဖြင့်သာ ထုတ်ပေးမည်။ ယင်းသစ်များ လွှဲပြောင်းရောင်းချပါက တည်ဆဲဥပဒေနှင့်အညီ သတ်မှတ်ထားသည့် အခွန်ပေးဆောင်ရမည် ဖြစ်ပြီး အခွန်ပေးဆောင် ပြီးကြောင်း အထောက်အထားနှင့်တကွ သစ်တောဦးစီးဌာနသို့ အမည်ပြောင်းလဲခြင်း (သို့မဟုတ်) ဘီလ်ထုတ်ပေးခြင်းတို့လျှောက်ထားရမည်။

၂၂။ လေလံတင်ရောင်းချရေးကော်မတီသည် မည်သည့်လပ်ပုံကိုမဆို အကြောင်းတစ်စုံတစ်ရာဖော်ပြခြင်းမပြုဘဲ လေလံတင်ရောင်းချခြင်းအား ပယ်ဖျက်နိုင်သည်။

ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ
ပြည်ခရိုင်